# ဝါတွင်းကာလ ပဥ္စမတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၁း ၁ - ၄၅

ဘက်သနီရွာက မာသားနဲ့ မာရိယားတို့ ညီအစ်မနှစ်ယောက်က သူတို့ရဲ့မောင်လေး လာဇရုးဟာ အပြင်းဖျားနေလို့ အဝေးမှာရောက်နေတဲ့ယေရှုဘုရားရှင်ထံကို သတင်းပို့ အကူအညီတောင်းကြပါတယ်။ ယေရှုဘုရားရှင်က ဖျားနာတဲ့လူတွေကို သူ့တန်ခိုးတော်နဲ့ ရောဂါပျောက်ကင်းစေတာကို သူတို့က သိထားကြလို့ အခုလို အကူအညီတောင်းကြတာပါ။ ကျနော်တို့လည်း ယေရှုဘုရားရှင်ဟာ အားလုံးစုံကို တတ်နိုင်တဲ့ဘုရားဖြစ်ကြောင်း ကျမ်းစာတော်မြတ်အားဖြင့် သိတယ်။ စိတ်နှလုံးသားနဲ့လည်း ယုံကြည်ကြတယ်။ ဒါဆိုရင် အခက်အခဲတွေ ကြုံတိုင်း ဘုရားကို အကူအညီတောင်းဖို့ သတိယကြပါ။ ယုံကြည်တယ်ဆိုရင် အခက်အခဲတွေကြောင့် ဘာစိတ်ပျက်နေရမှာလဲ။ အကူအညီတောင်းပါ၊ ဆုတောင်းပါ။

ဒါပေမဲ့ ယေရှုဘုရားရှင်က ပြန်မိန့်တော်မူလိုက်တာက "ဤဖျားနာခြင်းသည် သေခြင်းအတွက် မဟုတ်ပါ။ ဘုရားသခင်၏ ဘုန်းဂုဏ်တော်အတွက်သာ ဖြစ်၏။" ဆိုလိုတာကတော့ လာဇရုး ဖျားနာပြီး သဘာဝအတိုင်း သေသွားနိုင်ပေမဲ့ ယေရှုဘုရားရှင်က သူ့ကို သေရာမှပြန်ရှင်ပေးတဲ့အခါ လူတွေက ဘုရားကို အသက်ပေးပိုင်တဲ့ဘုရားအဖြစ် ယုံကြည်လာစေမှာဖြစ်လို့ လာဇရုးရဲ့သေခြင်းက ဘုရားရှင်ရဲ့ ဘုန်းဂုဏ်တော်အတွက်ဖြစ်တယ်လို့ မိန့်တော်မူလိုက်ခြင်း ဖြစ်ပါတယ်။ လူတွေက သေခြင်းကို မလိုလားကြပါဘူး။ ဘယ်သူကမျှ မသေချင်ကြပါဘူး။ အဲဒီလို ကံကြမ္မာဆိုး သေခြင်းမှတစ်ဆင့် ကောင်းတာတွေ ဖြစ်လာစေဖို့ ဘုရားက တတ်နိုင်ပါတယ်။ ကြည့်ပါ့လား ကမ္ဘာဦးကျမ်း ၅၀း ၂၀ မှာ ဂျိုးဇက်ကို သူ့အကိုတွေက အီဂျစ်ပြည်မှာ ကျွန်အဖြစ် ရောင်းစားလိုက်တယ်၊ နောက် ထောင်ထဲမှာ နှစ်ပေါင်းများစွာ နေခဲ့ရတယ်။ ဒီလောက်တောင် ကံကြမ္မာဆိုးတွေ ဆက်တိုက် ကြုံတွေ့ခဲ့ရပေမဲ့ ဂျိုးဇက်ဟာ ဘုရားအပေါ်မှာ စိတ်မဆိုးခဲ့ပဲ ယုံကြည်စိတ်ချခဲ့တယ်။ ဘုရားသခင်ကလည်း ဂျိုးဇက်ကို ဒီကံကြမ္မာဆိုးတွေထဲမှ တစ်ဆင့် အီဂျစ်လူမျိုးတွေကို အငတ်ဘေးမှ ကယ်တင်ပေးတဲ့သူ ဖြစ်စေတော်မူပါတယ်။ ဒီလိုပဲ ဘုရားသခင်က မကြုံချင်တဲ့ကံကြမ္မာဆိုးတွေမှတစ်ဆင့် ကောင်းတာတွေ ဖြစ်လာစေနိုင်ပါတယ်။

ဒါကြောင့် ယုံကြည်သူတွေ ကြုံတွေ့နေရတဲ့ စုံစမ်းနှောက်ယှက်ခြင်းတွေဟာ ဘုရားသခင်ရဲ့ဘုန်းဂုဏ်တော် ထင်ရှားစေဖို့အတွက်ပဲ ဖြစ်ပါတယ်။ စုံစမ်းနှောက်ယှက်ခြင်းတွေ၊ ဒုက္ခတွေ ကြုံတွေ့လာရတဲ့အခါ ဘုရားကို အပြစ်မတင်ပါနဲ့အုံး။ ကိုယ့်ရဲ့ဒုက္ခ ပြဿနာက ဘုရားရဲ့ဘုန်းဂုဏ်တော်ကို လူတိုင်းသိမြင်စေဖို့ အခွင့်အလမ်းအဖြစ် သိမြင်တတ်ပါ။

ယေရှုဘုရားရှင်က မာရိယား၊ မာသား၊ လာဇရုးတို့ မိသားစုကို ချစ်ပါတယ်။ ဒါပေမဲ့ သူတို့ အကူအညီတောင်းတာ ခေါ်တာကို ချက်ချင်း မသွားဘူး။ သက်သက်မဲ့ ဆက်ပြီးနေ နေသေးတယ်။ လာဇရုး သေတဲ့အထိ အချိန်ဆွဲနေသေးတယ်။ ယေရှုဘုရားရှင် နှောင့်နှေးတာက ကောင်းတဲ့ရည်ရွယ်ချက်ရှိတယ်။ ဒါကို ကျနော်တို့က ဘုရားကို "ငါ ဆုတောင်းတာ ပြန်မဖြေဘူး၊ ငါ ဆုတောင်းတာကို လုပ်မပေးဘူး" လို့ ထင်ကြမှာပဲ။ ဘုရားက သူ့အစီအစဉ်နဲ့သူ သူ့အချိန်ကျတဲ့အခါ သင့်လိုအပ်ချက်တွေအားလုံးကို ပြီးမြောက် ပြည့်စုံစေပါလိမ့်မယ်။ စိတ်ရှည်ရှည်နဲ့

သူ့အစီအစဉ်အတိုင်း စောင့်ပါ။

တကယ်လို့ ယေရှုဘုရားရှင်ကသာ လာဇရု မသေခင် သွားတွေ့ခဲ့ပါက လာဇရုကို မသေအောင် ရောဂါပျောက်ကင်းစေမှာပါပဲ။ အခုတော့ လာဇရု သေပြီး (၃) (၄)ရက်ကြာမှ ရောက်လာတယ်ဆိုတော့ ယေရှုဘုရားရှင်က သေတဲ့လူကိုတောင် အသက်ပြန်ရှင်ပေးနိုင်တဲ့ဘုရားဆိုတာ လူတွေ သိမြင်ပြီး ယုံကြည်စေချင်လို့ပါ။ ကျနော်တို့က လာဇရုကို သေရာမှ ပြန်ရှင်စေတဲ့အဖြစ်အပျက်ကို ကျမ်းစာမှတစ်ဆင့် သိရှိကြပြီးပါပြီ။ အဲဒီလို သိတာထက် ယုံကြည်ဖို့က ပိုအရေးကြီးပါတယ်။ သံယောဟန်က သူ့ရေးတဲ့ကျမ်းစာအဆုံးမှာ "ယေရှုသည် ဘုရားသခင်ရဲ့သားတော်ဖြစ်ကြောင်း သင်တို့ သိစေဖို့ ကျမ်းစာရေးတာ မဟုတ်ဘူး၊ သိစေဖို့ ရေးတာ မဟုတ်ဘူး၊ ယုံစေဖို့ ရေးတာ ဖြစ်တယ်" လို့ ရေးထားပါတယ်။ သေရာမှ ပြန်တယ်ဆိုတဲ့ယုံကြည်ခြင်းဟာ ခရစ်ယာန်ယုံကြည်ခြင်းတွေထဲမှာ အရေးကြီးဆုံးပါပဲ။

ဒါကြောင့် ယေရှုဘုရားရှင်က မာရီယား၊ မာသားတို့ကို ပြန်မိန့်တော်မူတဲ့အခါ " ငါသည် ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်လည်း ဖြစ်၏" တဲ့။ အဲ့ဒီလို ဘယ်ဘုရားက မိန့်တော်မူခဲ့ဖူးပါသလဲ။ ယေရှုဘုရားရှင် တစ်ပါးတည်းကသာလျှင် "ငါသည် အသက်ဖြစ်တယ်၊ အမှန်တရား ဖြစ်တယ်၊ ကောင်းကင်ဘုံသွားတဲ့ လမ်းဖြစ်တယ်။ သေရာမှ ပြန်ရှင်ခြင်း ဖြစ်တယ်" လို့ မိန့်တော်မူပါတယ်။ ယေရှုဘုရားရှင် ကိုယ်တိုင်ကိုက အသက်ဖြစ်တယ်ဆိုမှတော့ သူ၌ ယုံကြည်တဲ့သူ၊ သူနဲ့အတူ ရှိတဲ့သူတွေလည်း အသက်ဆိုတာကို ထာဝရပိုင်ဆိုင်နေတော့မှာပေါ့။ ဘာဖြစ်လို့ သေမှာကို ကြောက်ရအုံးမှာလဲ။ မဟုတ်ဘူးလား။

မာသားကလည်း ကျနော်တို့ ယုံသလောက်ပဲ သူသိတယ်။ ဒါကြောင့် " ရှင်ပြန်ထမြောက်ရာ နောက်ဆုံးသောနေ့ရက်၌ သူသည် ရှင်ပြန်ထမြောက်လိမ့်မည်" လို့ မာသားက ယေရှုဘုရားရှင်ကို ပြန်ဖြေခဲ့ပါတယ်။ နောက်ဆုံးသောနေ့ရက်ကျမှပဲ ပြန်ရှင်ရမှာ မဟုတ်ဘူး။ ယေရှုဘုရားရှင် ကိုယ်၌က ရှင်ပြန်ထမြောက်ခြင်းဖြစ်တယ်၊ အသက်ဖြစ်နေတာမို့လို့ အခုချက်ချင်းလည်း သေရာမှ ပြန်ရှင်နိုင်တယ်၊အသက်ပေးနိုင်တယ်လို့ ယေရှုဘုရားရှင်က ထပ်လောင်း မိန့်တော်မူပါတယ်။ ဒါကြောင့် ပထမမိန့်တော်မူတာက "ငါ၌ ယုံကြည်သောသူသည် သေပြီးသော်လည်း အသက်ရှင်လိမ့်မည်" လို့ မိန့်တော်မူပြီး ဒုတိယမိန့်တော်မူတာက "အသက်ရှင်၍ ငါ့ကို ယုံကြည်သေူသူတိုင်းသည်လည်း မည်သည့်အခါမျှ သေရလိမ့်မည်မဟုတ်" လို့ မိန့်တော်မူပါတယ်။ ယေရှုဘုရားရှင်ကို ယုံကြည်တဲ့သူတွေ ဘယ်တော့မှ မသေတော့ဘူးလား၊ လူ့သဘာဝအတိုင်း တစ်နေ့ သေမှာပေါ့။ ယေရှုဘုရားရှင် မိန့်တော်မူတဲ့ "မည်သည့်အခါမျှ သေရလိမ့်မည်မဟုတ်" ဆိုတာက အသက်ရှုရပ်ပြီး သေတဲ့သေခြင်းကို ပြောတာ မဟုတ်ဘူး။ ဝိညာဉ် ပျက်စီးဆုံးရှုံးခြင်းကို ပြောတာပါ။

ယေရှုဘုရားရှင်က သေတာ (၄)ရက်ရှိပြီဖြစ်တဲ့ လာဇရုကို ခဏနေရင် သေရာမှ ပြန်ရှင်ပေးတော့မှာကို ကိုယ်တော်တိုင် သိရဲ့သားနဲ့ ဘာဖြစ်လို့ ယေရှုဘုရားရှင်က ငိုရတာလဲ။ ဘာသာသူတို့ ယေရှုဘုရားရှင်က လူ့အဖြစ်ကို ယူထားတာဖြစ်လို့ လူအစစ်လည်း ဖြစ်တော်မူပါတယ်။ လူအစစ်ဖြစ်ရုံတင်မက လူဆန်တဲ့လူ၊ နူးညံ့သိမ့်တဲ့လူ ဖြစ်လို့ ယေရှုဘုရားရှင်က လူတွေငိုကြတဲ့အခါ သူလည်း မနေနိုင်ဘူး၊ ငိုခဲ့တယ်။ အဲ့လို နူးညံ့သိမ်မွေ့တဲ့ ယေရှုဘုရားရှင်ထံ ချဉ်းကပ်ဖို့ ကြောက်စရာလိုသလား။

သေသွားတာ (၄)ရက်ရှိပြီဖြစ်တဲ့ လာဇရုကို သေရာမှ ပြန်ရှင်ပေးလိုက်လို့ ဂျူးလူမျိုးအများစုက ယေရှုဘုရားရှင်ကို ယုံကြည်လာကြပါတယ်။ ဒီလို ထင်ရှားတဲ့တန်ခိုးကို မြင်ရပေမဲ့ မယုံချင်တဲ့လူတွေကတော့ ကြုံကြုံဖန်ဖန်ကို မယုံကြပါဘူး။ သူတို့လိုပဲ တခြားလူတွေကိုလည်း ယေရှုဘုရားရှင်ကို မယုံနိုင်စေဖို့အတွက် ဂျူးလူမျိုးတွေက သေရာမှ ပြန်ရှင်လာတဲ့ လာဇရုကို သတ်ဖို့ ကြံစည်နေကြသေးသတဲ့။ "ယနေ့ သင်သည် ဘုရားသခင်၏ ဗျာဒိတ်တော်အသံကို ကြားရတဲ့အခါ သင်တို့၏စိတ်နှလုံး တင်းမာ၍ မထားကြလေနှင့်" လို့ သတိပေးထားပါတယ်။

ယေရှုဘုရားရှင်က အသက်ပေးနိုင်တဲ့ဘုရားဆိုတာ သိပြီး ယုံကြည်ဖို့ လိုပါတယ်။ သင်ရော အသက်ရှင်ရတာ ပျော်ရဲ့လား။ အသက်ရှင်ရတာ အဓိပ္ပါယ်ရှိရဲ့လား။ ပျော်ပျော်ရွှင်ရွှင် အသက်ရှင်နိုင်ချင်ရင် အသက်ပိုင်ရှင်ဘုရားနဲ့ ဆက်သွယ်ပါ။ အဓိပ္ပါယ်ရှိရှိ အသက်ရှင်နိုင်ချင်ရင် အသက်ပိုင်ရှင်ဘုရားနဲ့ အတူရှိပါ။ ဒါကြောင့် အသက်ပေးပိုင်ရှင် ယေရှုဘုရားရှင် ထံတော်မှာ မိမိဘဝအသက်တာတစ်ခုလုံးကို အပ်နှံပူဇော်ပြီး အသက်ရှင်ကြပါစို့။ နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ